
# မင်းမြတ်သူရ

ဆားပုလင်းမင်းအောင် နှင့်
သစ်တော်သီးပုံပြင်



တနေ့သ၌ ကျွန်ုပ်နှင့်စုံထောက်ဦးပေါ်ဦးသည် အင်းစိန်စီအိုင်ဒီ၌ စုံထောက်မင်းကြီး၏ ဆူပူကြိမ်းမောင်းခြင်းကို မခံလိုသဖြင့် ဆားပုလင်းမင်းအောင်နေထိုင်ရာ အမှတ် (၇) အသောကလမ်း၊ ကျောက်မြောင်းနေအိမ်သို့ ဖို့ဒ်ကားစုတ်ကလေးကို မောင်းနှင်ပြီး ထွက်ခဲ့ကြလေ၏။

ကျောက်မြောင်းနေအိမ်သို့ရောက်သောအခါ ဆားပုလင်းမင်းအောင်ကို မတွေ့ရဘဲ တံခါးကြား ၌ စာရွက်တစ်ရွက်ကိုသာ မြင်ရ၍ ဖတ်ကြည့်ရာ

သဃ်န်းကျွန်းက ဘာဘာကြီးရဲ့ခြံမှာ

ယောဂလေ့ကျင့်နေတယ်ဗျို့

လိုက်ခဲ့ကြပေတော့

ဟု ရေးသားထားလေ၏။ ကျွန်ုပ်တို့ စုံထောက်ကျော် နှစ်ဦးသည် ဆားပုလင်းမင်းအောင် ယောဂ လေ့ကျင့်နေသည်ဆိုသော သဃ်န်းကျွန်း ဘာဘာကြီးခြံသို့ လိုက်ခဲ့ရပြန်၏။

လမ်းခရီး၌ စုံထောက်ဦးပေါ်ဦးက ကျွန်ုပ်ဘက်သို့လှည့်၍

“ကိုမင်းအောင် လေ့ကျင့်တဲ့ ယောဂဆိုတာ ဘာလဲဗျ၊ သိုင်းပညာတစ်မျိုးလား”

ဟု မေးမြန်းလေ၏။

ကျွန်ုပ်က ခေါင်းခါယမ်းပြီး

"ကျုပ်လဲ မသိဘူးဗျို့၊ ကိုယ်ခန္ဓာတစ်ခုလုံး ကော့လန်ကားပြီး ကုန်းကွနေတာပဲမြင်ရတယ်"

ဟုပြောလေ၏။

ထိုအခါ စုံထောက်ဦးပေါ်ဦးက မျက်မှောင်ကြုတ်၍

"ဆားပုလင်းမင်းအောင် ကိုယ်တိုင် အချိန်ပေးပြီး လေ့ကျင့်နေတယ်ဆိုတော့ ယောဂလေ့ကျင့် ခန်းဟာ နယ်နယ်ရရ လေ့ကျင့်ခန်းတော့ ဟုတ်ဟန်မတူဘူးဗျ၊ ဒီတစ်ခါတော့ ကျုပ်တို့ ယောဂနဲ့ ပတ်သက်ပြီး စပ်စုကြည့်ရအောင်ဗျာ"

ဟုပြောလေ၏။

ဤသို့ဖြင့် ကျွန်ုပ်တို့ စုံထောက်ကျော်နှစ်ဦးသည် သဃ်န်းကျွန်းဘက်ရှိ ကုလားအဘိုးကြီး ဘာဘာကြီး၏ သရက်ခြံသို့ ရောက်ရှိခဲ့လေ၏။

သရက်ခြံကြီးသည် ကျယ်ဝန်းပြီး အရိပ်အာဝါသ ကောင်းစွာရရှိလေ၏။

ကျွန်ုပ်တို့သည့် သရက်ခြံထဲသို့ ကားကို မောင်းနှင်၍ ဝင်လာခဲ့ရာ ခြံကြီးတစ်နေရာ၌ ရှိသော ရေကန်ကြီးအနီးသို့ ရောက်ရှိခဲ့လေ၏။

ရေကန်ထဲ၌ ကြာဖြူ ကြာနီပန်းများပေါက်ရောက်နေလေ၏။

ရေကန်အစပ်၌ ဆားပုလင်းမင်းအောင်သည် ယောဂလေ့ကျင့်လေ၏။ ဆားပုလင်းမင်းအောင် သည် ကန်ရပြင်ကို မျက်နှာမူ၍ လက်အုပ်ချီကာ ညာခြေကို အစွမ်းကုန်မြှင့်နိုင်သလောက် မြှင့်ထားလေ ရာ အလွန်ခက်ခဲသော ကိုယ်ဟန်အနေအထားဖြစ်ကြောင်း တွေ့ရ၏။

ဆားပုလင်းမင်းအောင်သည် ကျွန်ုပ်တို့ရောက်ရှိနေကြောင်းသိသော်လည်း ယောဂလေ့ကျင့်ခန်း များကိုသာ ပြီးဆုံးအောင် ဆက်လက်လေ့ကျင့်နေ၏။

ဆားပုလင်းမင်းအောင်သည် ယောဂလေ့ကျင့်ခန်းများ ပြုလုပ်ပြီးသောအခါ အဝတ်အစားလဲ၍ ကျွန်ုပ်တို့နှင့်အတူ လိုက်ပါလာလေ၏။ ကျွန်ုပ်တို့ ကားထွက်ပြီး များမကြာမီတွင် ဆားပုလင်းမင်းအောင် က

"ယောဂ (Yoga) ဆိုတဲ့ စကားအဓိပ္ပာယ်က စည်းလုံးခြင်း (union) ဖြစ်တယ်ဗျ၊ ယောဂကျင့် တယ်ဆိုတာ ခန္ဓာကိုယ်ရယ်၊ အသက်ရှူမှုရယ်၊ စိတ်ရဲ့ဖြစ်စဉ်ရယ် ဆက်စပ်မှုရှိတာကို မူတည်ပြီးတော့ ယောဂကျင့်စဉ်တွေ ဖြစ်ပေါ်လာတာဗျ၊ အိန္ဒိယမှာ ယောဂကျင့်စဉ်တွေ ပေါ်ပေါက်ခဲ့တာ ဘုရားမပွင့်မီ ကတည်းကဗျ၊ ယောဂကျင့်စဉ်ဟာ သီလ၊ သမာဓိ တရားတွေကို အခြေခံပြီးတော့ ဈာန်အဆင့် (၈)ဆင့် အထိ ပေါက်မြောက်နိုင်ခဲ့တယ်။ ဒါပေမယ့် ဒီဈာန်တရားတွေဟာ လူရဲ့ အာရုံ သိမှုနယ်ပယ်အတွင်မှာပဲ ရှိသေးတဲ့အတွက် ဗုဒ္ဓဘုရားရှင်ဟာ နဂမမြောက် အဆင့်ရှိတဲ့ ဝိပဿနာဉာဏ် အဆင့်ထိအောင် ပေါက်မြောက်အောင်မြင်ခဲ့တယ်"

ဟုပြောလေရာ စုံထောက်ဦးပေါ်ဦးက

"ကိုမင်းအောင် လေ့ကျင့်နေတဲ့ ကော့လန်ကားပြီး လေ့ကျင့်တဲ့ ယောဂလေ့ကျင့်ခန်းတွေဟာ ဗုဒ္ဓဘုရားရှင်ရဲ့ ကျင့်စဉ်တွေနဲ့ ဆက်စပ်နေတယ်နော်၊ အံ့သြစရာပဲ"

ဟု ပြောလေ၏။ ထိုအခါ ဆားပုလင်းမင်းအောင်က

"ယနေ့ခေတ် ယောဂကျင့်စဉ်တွေက သီလ သမာဓိလမ်းကို အခြေမခံတော့ဘူးဗျ၊ လူသားတွေ ရဲ့ စိတ်တည်ငြိမ်အေးချမ်းပြီးတော့ အသက်ရှင်ကျန်းမာရေးကိုသာ အခြေခံတော့တယ်။ ယောဂကျင့်စဉ် တွေကို လေ့လာလိုက်စားတဲ့အခါ ကိုယ်ခန္ဓာတစ်ခုလုံးပျော့ပျောင်းပြီးတော့ ကျန်းမာကြံ့ခိုင်မယ်၊ ယနေ့ ခေတ်မှာ စိုးရိမ်သောကကြောင့် တောင့်တင်းနေတဲ့ ကြွက်သားတွေ ပြေလျော့သွားမယ်၊ နောက်ပြီးတော့ ယောဂကျင့်စဉ်မှာပါတဲ့

စနစ်ကျတဲ့ လေ့ကျင့်ခြင်းတွေကြောင့် ကိုယ်ခန္ဓာမှာရှိတဲ့ အဆိပ်အတောက် တွေ ပြေပျောက်သွားနိုင်တယ်”

ဤနေရာတွင် ဆားပုလင်းမင်းအောင်၏ ယောဂကျင့်စဉ်အချို့ကို ဖော်ပြလိုက်ပါသည်။

**(စာရေးသူ)**

ဟု ရှင်းလင်းပြလေ၏ ။

***

ထို့နောက်တွင်မူ ကျွန်ုပ်တို့စုံထောက်ကျော်များ မောင်းနှင်လာသော ဖို့ဒ်ကားစုတ်ကလေးသည် ကန်တော်ကြီးစောင်းသို့ ရောက်ရှိခဲ့လေ၏ ။

ကန်တော်ကြီးတစ်နေရာသို့ ရောက်သောအခါ ရေစပ်၌ လူများစုအုံနေသဖြင့် ဦးပေါ်ဦးကြီးက ကားကိုအရှိန်လျှော့လိုက်ပြီး

“ရေနစ်ပြီထင်တယ်ဗျို့”

ဟုပြောလေ၏ ။

ထိုအခါ ဆားပုလင်းမင်းအောင်သည် ကားကိုရပ်ခိုင်းပြီး ရေစပ်သို့ ဆင်းသွားလေ၏ ။

ရေစပ်ရှိ လူများစုအုံနေသောနေရာ၌ ရေနစ်၍ သေဆုံးနေဟန်ရှိသော လူတစ်ယောက်ကို မြင်ရ ၏ ။

ထိုသူ၏ အနီး၌ ကျွန်ုပ်တို့၏ မိတ်ဆွေကြီး ပုလိပ်အင်စပက်တော် ဦးပေါက်စကို မြင်ရ၏ ။ ဦးပေါက်စသည် ကျွန်ုပ်တို့လူစုကို မမျှော်လင့်ဘဲ မြင်တွေ့သောအခါ ဝမ်းသာအားရဖြင့်

“ဒီလူရဲ့နာမည်က ဦးဘထူးလို့ခေါ်တယ်ဗျ၊ ပဲခူးဘက်မှာ ဆီစက်၊ ဆန်စက်တွေ အများကြီးပိုင်တဲ့ သူဌေးတစ်ယောက်ပေါ့ဗျာ၊ အခုတော့ ကန်ကြီးထဲမှာ ရေနစ်ပြီးဆုံးရှာပြီ”

ဟု ပြောလေရာ ဆားပုလင်းမင်းအောင်က ဂွန်ပလေးယား မုတ်ဆိတ်စီးကရက်တစ်လိပ်ကို မီးညှိဖွာရှိုက်လိုက်ပြီး

“ဦးပေါက်စ သေသူရဲ့အကြောင်းကို သိနေတယ်ပေါ့”

ဟု ပြောလေရာ ပုလိပ်အင်စပက်တော် ဦးပေါက်စက ခေါင်းညိတ်၍

“ဟုတ်တယ် ကိုမင်းအောင်၊ သေသူ ပျောက်ဆုံးသွားကြောင်း လွှန်ခဲ့တဲ့ တစ်ပတ်လောက်ကပဲ ပုလိပ်ဌာနမှာ လာပြီး တိုင်ချက်ဖွင့်ထားတယ်”

ဟု ပြောလေရာ ဆားပုလင်းမင်းအောင်က သေသူ၏ အနီး၌ ဒူးထောက်၍ ထိုင်ချလိုက်ပြီး

“ဒီလူဟာ ရေနစ်ပြီးသေတာ မဟုတ်ဘူးဗျ၊ အသတ်ခံရတာ ပဲ”

ဟု ပြောလေရာ ပုလိပ်အင်စပက်တော် ဦးပေါက်စ မျက်လုံးပြူးသွားပြီး

“ဟုတ်ရဲ့လား ကိုမင်းအောင်ရယ်၊ လူသတ်မှုဆိုရင် ကျုပ်တို့ ပုလိပ်တွေ အလုပ်ရှုပ်ဦးမှာပဲ”

ဟု ပြောလေရာ ဆားပုလင်းမင်းအောင်သည် သေသူ၏ လက်နှစ်ဖက်ကို သေချာစွာ ကိုင်တွယ် ကြည့်ရှုပြီး

“ဒီမှာကြည့်စမ်း ဦးပေါက်စ၊ သေသူဟာ လက်သည်းလေးတွေကို ပါးစပ်နဲ့ကိုက်ထားတယ်ဗျ၊ လူတွေဟာ စိတ်ညစ်တဲ့အခါ၊ စဉ်းစားတဲ့အခါ လက်သည်းလေးတွေကို ကိုက်လေ့ရှိတယ်၊ သေသူရဲ့ လက်ဝဲဘက် လက်ငါးချောင်းစလုံးမှာ လက်သည်းကိုက်ရာလေးတွေ တွေ့ရတယ်။ လက်ယာဘက်မှာ တော့ လက်သည်းကိုက်ရာလေးတွေ မတွေ့ရဘူးဗျ”

ဟု ပြောလေရာ ပုလိပ်အင်စပက်တော် ဦးပေါက်စက

"ငါးကိုက်ထားတာ မဖြစ်နိုင်ဘူးလား"

ဟုပြောလေ၏။ ဆားပုလင်းမင်းအောင်က ခေါင်းခါယမ်း၍

"မဖြစ်နိုင်ဘူးဗျ၊ ငါးကိုက်ထားတဲ့လက်တွေ ကျုပ်အများကြီးမြင်ဖူးတယ်၊ ငါးကိုက်ရင် လက်သည်းတစ်ခုလုံး ပါသွားနိုင်တယ်၊ သေသူရဲ့ လက်ယာဘက်မှာ လက်သည်းကိုက်ရာ တစ်ခုမှမရှိ တာ ထူးဆန်းတယ်ဗျ၊ သေသူဟာ ရေမွန်းသေတဲ့လက္ခဏာမရှိဘူး၊ သေသူရဲ့ညာဘက်လက်ကောက် ဝတ်မှာ ပွန်းပဲ့ရာလေး နည်းနည်းလေးသာ တွေ့ရတယ်။ သေသူဟာ နှလုံးသွေးရပ်ပြီး သေတာပဲဖြစ် လိမ့်မယ်၊ သေသူကို ခွဲစိတ်ပြီး အဆုတ်ထဲရေဝင်နေတာ မတွေ့ရင် ကျုပ်ပြောတဲ့အတိုင်း မှန်နေပြီ ပေါ့ဗျ၊ ဒီတော့ ဆရာဝန်ဆီက ဆေးစာကို ရအောင်အမြန်ဆုံးကြိုးစားပေတော့၊ ဆေးစာရရင် ကျုပ်ကို ဆက်သွယ်လိုက်ပါ"

ဟုပြောကာ သေသူ၏ အနီးမှ ပြန်လည်ထွက်ခွာလာခဲ့ပြီး ဖို့ဒ်ကားစုတ်လေးပေါ်သို့ တက်လေ၏။

နောက်တစ်နေ့သို့ရောက်သောအခါ ပုလိပ်အင်စပက်တော် ဦးပေါက်စသည် မှူခင်းဆရာဝန်၏ ဆေးစစ်ချက်ရရှိပြီးဖြစ်သဖြင့် ဆားပုလင်းမင်းအောင်ထံသို့ ရောက်ရှိလာပြီး ဆေးစာကို ပြသလေ၏။ ဆေးစာမှာ အောက်ပါအတိုင်းဖြစ်၏။

သေသူ၏ အဆုတ်အတွင်း ရေဝင်သည်ကို မတွေ့ရပါ။

မေ့မြောပြီး ရေနစ်မွန်းခြင်း လက္ခဏာမတွေ့ရသဖြင့် ရေနစ်မွန်း၍ သေဆုံးခြင်း မဟုတ်ဘဲ ရုတ်တရက် နှလုံးခုန်ရပ်၍ သေဆုံးခြင်း ဖြစ်နိုင်သည်။ အစာအိမ်၌ အစာများ ခမ်းခြောက်နေပြီး မည်သည့် အဆိပ်ကိုမျှ မတွေ့ရချေ။ ကိုယ်ခန္ဓာ၌ အခြားသော အင်္ဂါအစိတ်အပိုင်းများ ကောင်းမွန်ပြီး သေသူ၏ ရောဂါလက္ခဏာဆို၍ နှလုံးရောဂါသာ ရှိဟန်တူသည်။

ဆားပုလင်းမင်းအောင်သည် ဆေးစာကို ဖတ်ရှုပြီးနောက် သက်ပြင်းချ၍

“ကျုပ်ထင်တဲ့အတိုင်း လူသတ်မှုကြီးတစ်မှုဆိုတာ သေချာသွားပြီပေါ့၊ သေသူနဲ့ပတ်သက်လို့ ခင်ဗျားသိထားသမျှကို ကျုပ်ကိုပြောပြပါ”

ဟုမေးမြန်းလေ၏။

ထိုအခါ အင်စပက်တော် ဦးပေါက်စဟာ

“သေသူရဲ့နာမည်ဟာ ဦးဘထူးလို့ခေါ်တယ်၊ သူဟာ ပဲခူးဘက်မှ ဆီစက်၊ ဆန်စက်တွေပိုင်တဲ့ သူဌေးတစ်ယောက်ဗျ၊ လွန်ခဲ့တဲ့နှစ်က နှလုံးရောဂါ အပြင်းအထန်ရလို့ ရန်ကုန်ဆေးရုံကြီးမှာပြရင်း သူနာပြုဆရာမ မမြနွယ်နဲ့ ရင်းနှီးခဲ့တယ်။ မမြနွယ်ဟာ အသက်သုံးဆယ်ဝန်းကျင်လောက်ရှိပြီး ချောမောလှပတဲ့ မိန်းမတစ်ယောက်ဗျ၊ ဦးဘထူးဟာ ဆေးကုရင်း မမြနွယ်ရဲ့ ကျောက်မြောင်း၊ မလွှကုန်း လမ်းက နေအိမ်မှာပဲ နေထိုင်ခဲ့တယ်။ သူနာပြုဆရာမ မမြနွယ်ဟာ ဦးဘထူးကို ပြုစုနေတယ်ဆိုပေမယ့် အများအမြင်မှာ သူတို့နှစ်ယောက် တိတ်တိတ်ပုန်းညားနေတယ်လို့ ဆိုကြတယ်။ မမြနွယ်လို အင်မတန် ချောမောလှပတဲ့ မိန်းမမျိုးနဲ့ အတူနေရတဲ့ ဦးဘထူးကို အပြစ်မပြောချင်ပါဘူးဗျာ။

လွန်ခဲ့တဲ့တစ်ပတ်လောက်က မမြနွယ်ဟာ တာမွေဂါတ်တဲကို ရောက်ပြီး ဦးဘထူးလမ်းလျှောက် ရာက ပြန်မလာလို့ လူပျောက်မှုနဲ့ တိုင်ကြားသွားခဲ့တယ်၊ ဒါကြောင့် မမြနွယ်ရဲ့အိမ်ကို ကျုပ်ကိုယ်တိုင် သွားပြီး စစ်ဆေးကြည့်ခဲ့သေးတယ်။ ဒီလိုစစ်ဆေးရင်း ဦးဘထူးရဲ့ စာကြည့်ခန်းကို သော့ခတ်ထားတာ မြင်ရတယ်။ အဲဒီနေ့က ဦးဘထူးရဲ့ အခန်းတံခါးကို ဖွင့်ကြည့်ချင်လို့ ကျုပ်ကိုယ်တိုင် သော့ပြင်ကုလား သွားခေါ်ခဲ့တယ်”

ဟုပြောလေရာ ဆားပုလင်းမင်းအောင်က သက်ပြင်းချ၍

“ကိုပေါက်စက ပုလိပ်သားတွေကို အဖော်ခေါ်မသွားဘူးလား”

ဟုမေးမြန်းလေရာ ဦးပေါက်စက

“အရင်တုန်းက ခေါ်လေ့ရှိပါတယ်၊ ဒါပေမဲ့ သူတို့ လိုက်လာရင် သဲလွန်စပျောက်ကုန်တတ်တယ် ဗျ၊ ဒီလိုနဲ့ သော့ပြင်ကုလားခေါ်ပြီး ဦးဘထူးရဲ့ စာကြည့်ခန်းကို ဖွင့်ကြည့်လိုက်တဲ့အခါ အခန်းထဲမှ လက်နှိပ်စက်တစ်လုံးနဲ့ ရိုက်လက်စစာတစ်စောင်ကို တွေ့ရတယ်၊ စာကိုဖတ်ကြည့်လိုက်တော့ ဦးဘထူး ဟာ မမြနွယ်ရဲ့ နောင်ရေးအတွက် အိမ်ပေါ်က ဆင်းသွားကြောင်း၊ သူ့ရဲ့နှလုံးရောဂါ ဝေဒနာလည်း မသက်သာလှကြောင်း၊ ဒါကြောင့် လူ့လောကကြီးမှာ နေရတာ အလွန်စိတ်ဆင်းရဲလှကြောင်း၊ သူနဲ့အတူ လက်နှိပ်စက် ရိုက်ပြီးတဲ့စာတစ်စောင်လည်း ပါသွားကြောင်း၊ ဒီစာကို မမြနွယ်ထံကို တစ်နေ့ နေ့တော့ မရောက်ရောက်အောင် ပို့ပေးမယ်ဆိုတဲ့အကြောင်း ပါတယ်ဗျ၊ တကယ်တော့ ဒီအကြောင်း တွေကို ရပ်ကွက်ထဲမှာ စုံစမ်းကြည့်တော့ မမြနွယ်ဟာ ဒေါက်တာဝင်းစိုးဆိုတဲ့လူနဲ့ မမျှော်လင့်ဘဲတွေ့ပြီး လက်ထပ်တော့မယ်လို့ သိရတယ်။ ဦးဘထူးဟာ မမြနွယ်နဲ့ တိတ်တိတ်ပုန်း ဖြစ်နေတယ်ဆိုတော့ မမြနွယ် လက်ထပ်မယ့်ကိစ္စကို သိတော့ အတော်ခံစားလိုက်ရပုံရတယ်။ ဒါကြောင့်လဲ သူ့ကိုယ်သူသတ် သေတယ်လို့ ယူဆလိုက်တာဗျ”

ဟု ပြောလေရာ ဆားပုလင်းမင်းအောင်က မျက်မှောင်ကြုတ်၍ နားထောင်နေပြီး

“ဦးဘထူး သူ့ချစ်သူဆီကို ရေးလိုက်တဲ့စာကို ကျုပ်ဖတ်ချင်တယ်”

ဟု ပြောလေ၏ ။ ထိုအခါ ပုလိပ် အိပ်စပက်တော် ဦးပေါက်စက သူ၏ စာအုပ်ထဲတွင် သေချာစွာ ညှပ်ထားသော စာရွက်တစ်ရွက်ကို ဆားပုလင်းမင်းအောင်အား ထုတ်ပေးလေ၏ ။ ဆားပုလင်း မင်းအောင်က စာကို ဖတ်ရှုကြည့်ရာ

ညီမလေးမြနွယ်

ဒီစာကို ဖတ်နေတဲ့အချိန်မှာ အစ်ကိုကြီးဟာ အေဂးတစ်နေရာကို ရောက်နေပါပြီ။ မမြနွယ် အစ်ကိုကြီးကို စေတနာ၊ မေတ္တာအပြည့်နဲ့ ပြုစုယုယပေးတာ ကျေးဇူးအလွန်တင်ပါတယ်။ ဒါပေမဲ့ အစ်ကိုကြီးရဲ့ ရောဂါဝေဒနာက မသက်သာလှဘူး၊ အစ်ကိုကြီး လူ့လောကမှာ ကြာကြာလည်း မနေရတော့ပါဘူး၊ အစ်ကိုကြီးလိုလူမျိုးဟာ မမြနွယ်အနားမှာရှိနေရင် မမြနွယ်ရဲ့ အချစ်ခရီးလမ်းမှာ အနှောင့်အယှက်ကြီးလို ဖြစ်နေမှာပါ။ ဒါကြောင့် အစ်ကိုကြီး ဒီနေရာက ထွက်သွားခဲ့တာပါ။ အစ်ကိုကြီး မကြာမီ မမြနွယ်ဆီကို နောက်ဆုံးစာတစ်စောင် ပို့ပေးလိုက်မယ်။ ဒီစာဟာ အစ်ကိုကြီးဘဝအတွက် နောက်ဆုံးရေးတဲ့စာပါ။ အစ်ကိုကြီးအတွက် မမြနွယ် အနှောင့်အယှက်မဖြစ်စေချင်လို့ ဒီလိုလမ်းမျိုး ရွေး လိုက်ရတာ ပါ။ အစ်ကိုကြီးကို ခွင့်လွှတ်ပါ”

ဟူ၍ ဖြစ်လေ၏ ။

ကျွန်ုပ်သည် သေသူ ဦးဘထူး၏ စာကို ဖတ်ရှုပြီး စိတ်မကောင်းဖြစ်မိလေ၏ ။ သူ့ခများ အိုကြီးအိုမ အရွယ်ရောက်မှ အိမ်ပေါ်ကဆင်း၍ သေလမ်းခရီးကို သွားရရှာသည်။

ပုလိပ်အင်စပက်တော် ဦးပေါက်စက ဆက်လက်၍

“မမြနွယ်ဟာ အိမ်ထောင်ပြုဖို့ ရည်ရွယ်ချက်ရှိတယ်ဆိုပေမယ့် ဦးဘထူးအပေါ် အတော် သံယောဇဉ်ရှိပုံရတယ်ဗျ၊ သူ့ကို ကြည့်ရတာ စိတ်မကောင်းစရာဗျာ၊ ဦးဘထူး ပျောက်တဲ့နေ့ကစပြီး မျက်ရည်နဲ့ မျက်ခွက်ဖြစ်နေရှာတယ်။ ဦးဘထူးကို အမြန်ဆုံးတွေ့အောင်ရှာပေးဖို့လဲ ပုလိပ်အဖွဲ့ကို မေတ္တာရပ်ခံရှာတယ်၊ မမြနွယ်အနေနဲ့လည်း တတ်စွမ်းသမျှ ဦးဘထူးရဲ့ သတင်းတွေကို စုံစမ်းနေရှာ တယ်”

ဟု ပြောလေရာ ဆားပုလင်းမင်းအောင်က ခေါင်းညိတ်၍

"ဒီတော့ ဦးပေါက်စတို့ ဘာတွေဆက်ပြီး စုံစမ်းသလဲဗျာ"

ဟု မေးမြန်းလေ၏ ။

ထိုအခါ ဦးပေါက်စက

"ကျုပ်တို့လဲ အနားမနေပါဘူးဗျာ၊ အင်းစိန်ဆေးရုံ၊ ရန်ကုန်ဆေးရုံနဲ့ ပဲခူးက ဆေးရုံတွေကို နေ့စဉ် ဖုန်းဆက်ပြီး ဦးဘထူးနဲ့ ဆင်တူတဲ့အလောင်း ရောက်လာခြင်း ရှိမရှိ မေးမြန်းခဲ့တယ်ဗျ၊ ဒါပေမယ့် ဘာ အကြောင်းမှ မထူးပါဘူးဗျာ၊ ဒီလိုနဲ့ လွန်ခဲ့တဲ့နေ့ကမှ ဆရာမ မမြနွယ်ဆီကို စာတိုက်ကနေ ဦးဘထူးရေး လိုက်တဲ့ စာတစ်စောင် ထပ်ရောက်လာတယ်၊ အဲဒီ စာကိုလဲ ကျွန်တော်ကူးထားတယ်"

ဟု ပြောကာ ဆားပုလင်းမင်းအောင်၏ လက်ထဲသို့ ထည့်လိုက်လေ၏ ။ ဆားပုလင်းမင်းအောင် သည် စာကို ဖတ်ကြည့်လိုက်ပြန်ရာ

ချစ်သော မမြနွယ်

အစ်ကိုကြီး လူ့လောကမှာ ရှိနေရင် မမြနွယ်ရဲ့ ဘဝရှေ့ရေး အတွက် အနှောင့်အယှက် ဖြစ်မယ်ဆိုတာ သေချာနေပြီ။

နောင်ဘဝမှပဲ ပြန်လည်ဆုံတွေ့ကြမယ်... အစ်ကိုကြီးဘဝကို အဆုံးစီရင် လိုက်ပါပြီ။

**(ဘထူး)**

ဟူ၍ တွေ့ရလေ၏ ။ ဆားပုလင်းမင်းအောင်သည် စာတိုလေးကို ဖတ်ကြည့်ပြီး

"ဒီစာကို ဖတ်ကြည့်ရင်တော့ သူ့ကိုယ်သူ သတ်သေတယ်ဆိုတာ

သေချာသွားပြီပေ့၊ ဦးဘထူးရဲ့ လက်မှတ်ကတော့ စိတ်ထိခိုက်ပြီး
တုန်တုန်ယင်ယင်နဲ့ ရေးရလို့ထင်တယ်၊ သိပ်ပြီးမပီသဘူး”

ဟုပြောလေရာ အင်စပတ်တော်ဦးပေါက်စက

“ဒီအတွက် မပူပါနဲ့ဗျာ၊ အင်းစိန်စီအိုင်ဒီက လက်ရေးပါရဂူ က
ဦးဘထူးရဲ့ လက်မှတ်ဖြစ်ကြောင်း အတည်ပြုပြီးပါပြီ။ လူ့လောကမှာ
ဖြစ်တတ်တဲ့သဘာဝမျိုးပါဗျာ၊ ဦဘထူးဟာ သူနဲ့ တိတ်တိတ်ပုန်း ဖြစ်နေတဲ့ မိန်းမက
အတိအလင်း ယောက်ျားယူတော့မယ်ဆိုတော့ သူ့ကိုပြုစုမဲ့လူမရှိတော့ဘူးဆိုပြီး
စိတ်အားငယ်လာမယ်၊ နောက်ဆုံးတော့ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်တဲ့အထိ
ဖြစ်သွားတော့တာပါပဲ။ မမြနွယ်လေး သနားစရာဗျာ၊ သူဟာ မတတ်သာလို့
အိမ်ထောင်ပြုရပေမဲ့ ဦးဘထူးကိုတော့ အစ်ကိုကြီး တစ်ယောက်လို
သံယောဇဉ်ရှိပုံရတယ်။ မမြနွယ်ဟာ တာမွေဂါတ်ကို တစ်နေ့နှစ်ခေါက်
သုံးခေါက်လာ ပြီး ဦးဘထူးနဲ့ ပတ်သက်တဲ့သတင်း ထူးမထူး မေးမြန်းရှာတယ်”

ဟုပြောလေ၏ ။ ထိုအခါ ဆားပုလင်းမင်းအောင်က ခေါင်းခါယမ်း၍

“ဦးပေါက်စ ခင်ဗျားအထင်မှားနေပြီဗျာ၊ ဒါဟာ ကိုယ့်ကိုယ်ကိုယ်
သေကြောင်းကြံစည်မှု မဟုတ်ဘူး၊ ပိပိရိရိနဲ့ အသတ်ခံရတဲ့အမှုဗျ၊ ဦးဘထူးဟာ
ရေနစ်မွန်းပြီး သေဆုံးတာ မဖြစ်နိုင်ဘူးလို့ ဆေးစာမှာ အတိအလင်း ဆိုထားတာပဲ”

ဟု ပြောလေ၏ ။ ဆားပုလင်းမင်းအောင်၏ စကားကြောင့်
အင်စပက်တော် ဦးပေါက်စက သဘောမတွေ့ဟန်ဖြင့်

“လူသတ်မှုဆိုရင်တော့ ကျုပ်တို့ အလုပ်ရှုပ်ဦးမယ်၊ ကိုမင်းအောင်က
လူသတ်မှုဆိုတာ ဘယ်လိုသက်သေပြမှာလဲ၊
ကိုယ့်ကိုယ်ကိုယ်သေကြောင်းကြံစည်မှုဆိုပြီး အမှုပိတ်လိုက်ရင်”

ဟု ပြောလေရာ ဆားပုလင်းမင်းအောင်သည် ဦးပေါက်စ မျက်နှာကို
စူးစူးရဲရဲကြည့်၍

“ဒီမှာ ဦးပေါက်စ၊ ခင်ဗျားဟာ ပုလိပ်အင်စပက်တော် တစ်ယောက်လုပ်နေပြီး ဒီလို တာဝန်မဲ့ စကားမျိုး ပြောသလား၊ ခင်ဗျားတို့လို အလုပ်တာဝန်ကို ပေါ့ပေါ့တန်တန် သဘောထားတဲ့ လူတွေ ကြောင့် မတရားလုပ်နေတဲ့လူတွေ လူ့လောကမှာ တဖြည်းဖြည်း များလာတာပဲ၊ ပုလိပ်တွေရဲ့ ဥပဒေသ မှာ လူသတ်မှုလို့ မသင်္ကာဖြစ်ရင် တရားခံကို မရရအောင် ကြိုးပမ်းဖော်ထုတ်ရမယ်ဗျ”

ဟု ပြောလေရာ အင်စပက်တော် ဦးပေါက်စ ခေါင်းကုတ်၍

“ဒါဆိုရင် တရားခံကို ဘယ်လိုဖော်ထုတ်ရမလဲ”

ဆားပုလင်းမင်းအောင်က သက်ပြင်းချ၍

“တရားခံကို ကျုပ်လက်ရဖမ်းဆီးပေးပါမယ်၊ ကျုပ်ကို ဆရာမ မမြနွယ်အိမ်ကိုသာ လိုက်ပို့ ပေးပါ”

ဟု ပြောလေ၏။

ထို့နောက်တွင်မူ ကျွန်ုပ်တို့ စုံထောက်ကျော်တစ်စုသည် အင်စပက်တော် ဦးပေါက်စကိုခေါ်၍ ကျောက်မြောင်း၊ မလွှကုန်းလမ်းသို့ ထွက်ခဲ့လေ၏။ မလွှကုန်းလမ်းထဲရှိ နှစ်ထပ်အိမ်ကြီးတစ်လုံးရှေ့သို့ ရောက်သောအခါ အင်စပက်တော် ဦးပေါက်စက ကားကို ရပ်ခိုင်းလေ၏။

ကျွန်ုပ်တို့လူစု ကားပေါ်မှဆင်းပြီး အိမ်ပေါက်ဝသို့ ရောက်သောအခါ အိမ်ထဲမှ ချောမောလှပ သော မိန်းမတစ်ဦးထွက်လာလေ၏။ ထိုမိန်းမ၏ ရုပ်ဆင်းသဏ္ဍာန်ကို ကြည့်၍ ဦးပေါ်ဦးကြီးက လေသံ တီးတိုးဖြင့်

“မမြနွယ်ဆိုတဲ့ သူနာပြု ဆရာမထင်တယ်၊ လှလိုက်တာဗျာ၊ ရုပ်ရည်ရော ကိုယ်လုံးကိုယ် ပေါက်ရော အပြစ်ပြောစရာမရှိဘူးဗျ၊ မြန်မာမိန်းကလေးတွေထဲမှာ သူ့လို အရုပ်အမောင်းမျိုးရှားတယ် ဗျ”

ဟု ချီးမွမ်းခန်းဖွင့်လေ၏။

ကျွန်ုပ်တို့ စုံထောက်ကျော်များကို မြင်သောအခါ မမြနွယ်က

“ဘာကိစ္စများရှိလို့လဲရှင်”

ဟု သာယာသောအသံနှင့် မေးမြန်းလေ၏။

***

ထိုအခါ ပုလိပ်အင်စပက်တော် ဦးပေါက်စက

"ဟောဒီက ဆရာတွေက အင်းစိန်စီအိုင်ဒီက စုံထောက်တွေပါ၊ ဦးဘထူးသေဆုံးတာနဲ့ ပတ်သက်လို့ မမြနွယ်ကို မေးမြန်းစရာရှိတယ်ဆိုလို့"

ဟု ပြောလေရာ မမြနွယ်၏ ချိုသောသော မျက်နှာ အနည်းငယ် တင်းမာသွားပြီး

"အစ်ကိုကြီးအတွက် ဂမ်းနည်းပူဆွေးနေရတဲ့အထဲမှာ အိမ်ပတ်ဝန်းကျင်က လူတွေကလဲ ကျွန်မကို စိတ်အနှောင့်အယှက်ဖြစ်အောင် အမျိုးမျိုးလုပ်ကြတယ်၊ ပုလိပ်တွေကလည်း အမျိုးမျိုး စစ်မေးပြီးပြီ၊ ဘာတွေများ မေးစရာ ကျန်သေးလို့လဲ"

ဟု ပြောလေ၏ ။

ဆားပုလင်းမင်းအောင်က မမြနွယ်ကို တည်ကြည်စွာ ကြည့်၍

"အမှုမှန်ဖြစ်ဖို့ ကြိုးစားရတာ ပုလိပ်တွေရဲ့ တာဝန်ပါ"

ဟု ပြောလေ၏ ။

မမြနွယ်က ဆားပုလင်းမင်းအောင်ကို မျက်မှောင်ကြုတ်၍

"အစ်ကိုကြီး သူ့ဘာသာ အဆုံးစီရင်သွားပြီပဲ၊ သေတဲ့သူကတောင် သေပြီပဲရှင်"

ဟု ပြောလေ၏ ။

ဆားပုလင်းမင်းအောင်က သက်ပြင်းချ၍

"ဦးဘထူးဟာ သူ့ကိုယ်သူ အဆုံးစီရင်ချင်လို့ ရေထဲကို ခုန်ချသွားတာမဟုတ်ဘူး၊ သူတစ်ပါး လုပ်ကြံလို့ သေဆုံးပြီးမှ ရေထဲကို ပစ်ချထားတာဖြစ်တယ်"

ဟု ပြောလေ၏။ ဆားပုလင်းမင်းအောင်စကားကြောင့် မမြနွယ်သည် မယုံနိုင်ဟန်ဖြင့် မျက်လုံး ပြူးဝိုင်းသွားပြီး

"မဖြစ်နိုင်တာရှင်၊ အစ်ကိုကြီးလို လူရိုးကြီးတစ်ယောက်ကို ဘယ်သူသတ်မှာလဲ၊ သူ့မှာ ရန်သူ မရှိပါဘူး"

ဟု ပြောလေ၏။ ဆားပုလင်းမင်းအောင်က

"ရန်သူ ရှိမရှိ မကြာမီမှာ သက်သေပြနိုင်မှာပါ"

ဟု ပြောလေ၏။

မမြနွယ်က ဆားပုလင်းမင်းအောင်စကားကို ယုံကြည်ဟန်မရှိဘဲ

"ရှင်တို့က စုံထောက်တွေပီပီ စိတ်ကူးယဉ်နေတာပဲ၊ ဦးဘထူးကိုယ်တိုင် သူ့ကိုယ်သူ အဆုံး စီရင်လိုက်ကြောင်း စာနှစ်စောင်ရေးခဲ့တာပဲ၊ စာတစ်စောင်ကို အိမ်ခန်းထဲမှာ တွေ့ရပြီးတော့ ကျန်တဲ့ တစ်စောင်ကိုတော့ ဦးဘထူး စာတိုက်က ပို့လိုက်တယ်၊ ဦးဘထူး ကစာတွေကို လက်နှိပ်စက် ရိုက်ထား ပေမဲ့ အောက်ဆုံးမှာ ဦးဘထူး လက်မှတ်ထိုးထားတယ်ရှင့်၊ ဦးဘထူးရဲ့လက်မှတ် ဟုတ်မဟုတ် ရှင်တို့ စီအိုင်ဒီက လက်ရေးပါရဂူတွေ စစ်ဆေးမကြည့်ဘူးလား၊ ဒီအကြောင်းတွေကို အင်စပက်တော် ဦးပေါက်စ သိတာပဲ"

ဟု ပြောလေရာ ဦးပေါက်စက ကမန်းကတန်း ဝင်ရောက်၍

"ဦးဘထူး ရေးသွားတဲ့ စာနှစ်စောင်ကို ကျုပ်ပြလိုက်ပြီးပါပြီ၊ လက်ရေးပါရဂူတွေလဲ ဦးဘထူးရဲ့ လက်မှတ်အစစ်လို့ လက်ခံပါတယ်၊ ဒါပေမယ့်

ကျုပ်မိတ်ဆွေက မမြနွယ်ကို စစ်ဆေးချင်တယ်ဆိုလို့”

ဟု ပြောဆိုလေ၏ ။

ဦးပေါက်စ၏ စကားကြောင့် မမြနွယ်သည် ကျွန်ုပ်တို့ စုံထောက်ကျော်များကို မလိုလားဟန်ဖြင့် ကြည့်၍

“ရှင်တို့ ကျွန်မကို စိတ်ဆင်းရဲအောင် လုပ်နေတာလား”

ဟု မေးမြန်းလိုက်ရာ ကျွန်ုပ်နှင့် စုံထောက် ဦးပေါဦးသည် မိန်းမလှလေး မမြနွယ်ကို အားနာ လှသဖြင့် ထိုနေရာမှ အမြန်ဆုံး လှည့်ပြန်ချင်စိတ်ပေါက်သွား၏ ။

သို့သော် ဆားပုလင်းမင်းအောင်က မမြနွယ်၏ စကားကို မဖြေတော့ဘဲ

“ဦးဘထူးရဲ့ နောက်ဆုံးရေးလိုက်တဲ့ စာနှစ်စောင်စလုံး လက်နှိပ်စက်ရိုက်ထားတယ်၊ အဲဒီ လက်နှိပ်စက်ကို ကျုပ်ကြည့်ချင်တယ်”

ဟု ပြောလေရာ မမြနွယ်သည် အံကိုကြိတ်၍ ကျွန်ုပ်တို့စုံထောက်များအား အိမ်ခန်းတစ်ခန်းကို ခေါ်ဆောင်သွားလေ၏ ။

ထိုအိမ်ခန်း၏ တစ်နေရာ၌ အိုလံပီယာ လက်နှိပ်စက်တစ်လုံးရှိ၏ ။

ဆားပုလင်းမင်းအောင်က လက်နှိပ်စက်ကို အနီးကပ်ကြည့်ရှု၍ မမြနွယ်ဘက်လှည့်ကာ

“ဒီလက်နှိပ်စက်ကို မမြနွယ်အသုံးပြုသေးသလား”

ဟု မေးမြန်းလေရာ မမြနွယ်က ခေါင်းခါယမ်း၍

“ကြံကြီးစည်ရာရှင်၊ လက်နှိပ်စက်ကို ဦးဘထူးပဲ ရိုက်တတ်တယ်၊ ကျွန်မ တစ်သက်မှာ လက်နှိပ်စက်ကို လက်ဖျားနဲ့တောင် မထိဖူးဘူး”

ဟု ပြောလိုက်ရာ ဆားပုလင်းမင်းအောင်က ခေါင်းတဆတ်ဆတ်ညိတ်၍

“ကောင်းပါပြီ၊ ဒါဆိုရင်တော့ ဒီအိမ်ရဲ့အပေါ်ထပ်က အခန်းတွေကို ကြည့်ချင်ပါသေးတယ်”

ဟု ပြောလေ၏။ မမြနွယ်က ခေါင်းညိတ်၍

“အပေါ်ထပ်မှာ ကျွန်မရဲ့အိပ်ခန်း ရှိပါတယ်၊ ရှင်တို့ ကြည့်ချင်ရင်ကြည့်ပါ”

ဟု ပြောကာ အပေါ်ထပ်သို့ ခေါ်ဆောင်သွားလေ၏။ အပေါ်ထပ်ရှိ အခန်းတစ်ခန်းထဲ၌ ခုတင် တစ်လုံးနှင့် မှန်တင်ခုံ၊ ဘီရိုစသည်တို့ကို တွေ့ရ၏။

မိန်းမလှတစ်ဦး၏ အသုံးအဆောင်များကိုလည်း တွေ့ရ၏။

ဆားပုလင်းမင်းအောင်က သူမ၏ အိပ်ခန်းထဲ၌ လှည့်ပတ်ကြည့်ရှုပြီး မမြနွယ်၏ ခုတင်အနီး၌ ဒူးထောက်ထိုင်ချကာ ကျွန်းခုတင်ကြီး၏ ခေါင်းရင်းရှိ ပွတ်လုံးတိုင်များကို စစ်ဆေးလေ၏။

ပွတ်လုံးတိုင်တစ်တိုင်ကို လက်နှင့် ပွတ်သတ်၍ ကြည့်လိုက်ပြီး ထိုင်ရာမှ ထရပ်လိုက်ပြီး အိမ် အောက်ထပ်သို့ ရောက်သောအခါ အင်စပက်တော် ဦးပေါက်စက စိတ်မရှည်ဟန်ဖြင့်

“ကျုပ်ကတော့ ဆရာမ မမြနွယ်ကို အားနာလှပြီဗျာ၊ သူ့ခမျာ သေသူအတွက် စိတ်ဆင်းရဲနေ ချိန်မှာ ကျုပ်တို့က အနှောင့်အယှက်ပေးသလိုဖြစ်နေပြီ”

ဟုပြောလေ၏။

ဆားပုလင်းမင်းအောင်က ဂျွန်ပလေးယားမုတ်ဆိတ် စီးကရက်ကို မီးညှိဖွာရှိုက်လိုက်ပြီး

“တရားခံကို ကျုပ်အခုပဲ ဖမ်းပေးပါ့မယ်”

ဟု ပြောလိုက်ရာ ဦးပေါက်စအပါအဝင် ကျွန်ုပ်တို့အားလုံး

မျက်လုံးပြူးသွားလေ၏။

ဆရာမ မမြနွယ်က အံ့သြဟန်ဖြင့်

"တရားခံ ဖမ်းပေးမယ်ဟုတ်လား၊ တရားခံက ဘယ်သူလဲ"

ဟု မေးမြန်းလေ၏။

ဆားပုလင်းမင်းအောင်က မမြနွယ်၏ မျက်နှာကို စေ့စေ့ကြည့်၍

"တရားခံက မမြနွယ်ကိုယ်တိုင်ပါပဲ၊ ဒီမှာ မမြနွယ် အမှုတစ်မှုကို ဘယ်လောက်ပဲ ပိပိရိရိ ကြံစည်ပေမယ့် သဲလွန်စ မကျန်တဲ့ အမှုဆိုတာ မရှိပါဘူးဗျာ"

ဟု ပြောလိုက်ရာ မမြနွယ်သည် မျက်နှာမည်းခနဲဖြစ်သွားပြီး ဆားပုလင်းမင်းအောင်ကို ဒေါသ တကြီး ကြည့်၍

"ရှင် ကျွန်မရဲ့ ဂုဏ်သိက္ခာကို အသားလွတ်စော်ကားလိုက်တာပဲ၊ ကျွန်မလို သူနာပြုဆရာမ တစ်ယောက်က လူနာကို ပြန်သတ်မလားရှင့်၊ ရှင့်ကို အသရေဖျက်မှုနဲ့ တရားစွဲလို့ရတယ်နော်"

ဟု ခြိမ်းခြောက်လေ၏။ ဆားပုလင်းမင်းအောင်က မမြနွယ်ကို စူးစိုက်ကြည့်၍

"ဒီမှာ မမြနွယ်၊ ကျုပ်နာမည် ဆားပုလင်းမင်းအောင်ဗျ၊ စီအိုင်ဒီမှာ ကျုပ်လိုက်လို့ မပေါ်တဲ့အမှု တစ်မှုမှမရှိဘူး၊ မမြနွယ်ရဲ့အမှုဟာ အသေးအမွှားပါ၊ သူနာပြုဆရာမတစ်ယောက်က လူနာကို ဘာ့ ကြောင့်သတ်သလဲဆိုတော့ လောဘကြောင့်ပေါ့ဗျာ၊ ဦးဘထူးဟာ အသက်အာမခံ တော်တော်များများ ထားတယ်၊ မမြနွယ်ဟာ ဦးဘထူးရဲ့ စည်းစိမ်ဥစ္စာတွေကို လိုချင်တယ်၊ ဒေါက်တာ ဝင်းစိုးနဲ့လည်း အမြန်ဆုံးလက်ထပ်ချင်တယ်၊ မမြနွယ်တို့ အချစ်ခရီးလမ်းမှာ ဦးဘထူးက အနှောင့်အယှက်ဖြစ်နေ တယ်၊ ဒါကြောင့်လဲ ဦးဘထူးကို

ရှင်းပစ်လိုက်တာပေါ့”

ဟု ပြောလိုက်ရာ မမြနွယ်က အံကိုကြိတ်၍

“ရှင် ကျွန်မကို ဘာကြောင့် မတရားစွပ်စွဲနေရတာ လဲ”

ဟု မေးမြန်းလေ၏။ ထိုအခါ ဆားပုလင်းမင်းအောင်က

“ဒီမှာ မမြနွယ် ကျုပ် ခင်ဗျားကို မတရားစွပ်စွဲနေတာ မဟုတ်ဘူး၊ ခင်ဗျား ဘယ်လိုမှ မငြင်းပယ် နိုင်တဲ့ သက်သေအထောက်အထားတစ်ခု ကျုပ်မှာရှိတယ်၊ သေသူ ဦးဘထူးက သူ့ကိုယ်သူ အဆုံး စီရင်တော့မယ်ဆိုပြီး စာနှစ်စောင်ရေးပို့ခဲ့တယ်၊ ဒီစာနှစ်စောင်စလုံးကို ဦးဘထူး ကိုယ်တိုင်လက်နှိပ် စက် ရိုက်ခဲ့တယ် လို့လဲပြောတယ်၊ ဒီလိုဆိုရင် လက်နှိပ်စက်ရဲ့ လက်ကွက်တွေမှာ ဦးဘထူးရဲ့ လက်ဗွေရာတွေပဲရှိရမယ်။ ဒါပေမယ့် ကျုပ်ပြောရဲတာ တစ်ခုကတော့ လက်နှိပ်စက်မှာ ဦးဘထူးရဲ့ လက်ဗွေရာတွေ မရှိရဘူး၊ မမြနွယ်ရဲ့ လက်ဗွေရာတွေပဲ ရှိရမယ်၊ ဘာကြောင့်လဲဆိုတော့ မမြနွယ်က လက်နှိပ်စက်ကို ကောင်းကောင်းမွှန်မွှန် ရိုက်တတ်တာပဲ၊ ဒီမှာ မမြနွယ် ခင်ဗျားမငြင်းပါနဲ့တော့ဗျာ လက်နှိပ်စက်က လက်ဗွေနဲ့ ခင်ဗျား လက်ဗွေရာ တိုက်ဆိုင်ကြည့်လိုက်ရင် ခင်ဗျားငြင်းလို့ မရတော့ ပါ ဘူး”

ဟုပြောလိုက်ရာ မမြနွယ်သည် ပါးစပ်အဟောင်းသား ဖြစ်သွားပြီး ခဏကြာမှ ဖမ်းပန်းတနည်း ရှိုက်ငို၍

“ကျွန်မမှားပါပြီရှင်၊ လောဘဇောကပ်ပြီး ကျေးဇူးရှင်ကို လုပ်ကြံမိတာ ဒုက္ခရောက်ပါပြီ”

ဟု ဝန်ခံလေတော့၏။

ပုလိပ်အင်စပက်တော် ဦးပေါက်စသည် မမြနွယ်ကို တာမွေပုလိပ်ဌာနသို့ ခေါ်ဆောင်လာခဲ့လေ တော့၏။

ပြီးနောက် စုံထောက်ဦးပေါ်ဦးက

"တရားခံကို ဖမ်းဆီးနိုင်တဲ့ အထိမ်းအမှတ်အနေနဲ့ ဒီနေ့ နေ့လယ်စာကို မဂိုလမ်း (ရွှေဘုံသာလမ်း) က ချစ်တီးထမင်းဆိုင်မှာ ကျုပ်ကျွေးမယ်ဗျာ ထမင်းစားရင်း ကိုမင်းအောင်က တရားခံကို ဘယ်လို သဲလွန်စကောက်တယ်ဆိုတာ ရှင်းပြရမယ်"

ဟု ပြောလေ၏။ ထိုအခါ ဆားပုလင်းမင်းအောင်က ရေတစ်ခွက်ကို သောက်လိုက်ရင်း

"သေသူ ဦးဘထူးရဲ့ ကိုယ်ခန္ဓာမှာ သံသယဖြစ်ဖွယ်ရာတွေ တွေ့တယ်ဗျ၊ ပထမဆုံး တွေးမိတာက ဦးဘထူးဟာ ရေမွန်းပြီး သေတဲ့လက္ခဏာမရှိဘူး၊ ဒါကြောင့် သူ့ကိုသေဆုံးပြီးမှ ရေကန်ထဲကို လာချသွားတယ်ဆိုတာ ပေါ်လွင်တယ်၊ နောက်ပြီးတော့ ဦးဘထူးရဲ့ လက်သည်းလေး တွေမှာ သွားနဲ့ကိုက်ထားတဲ့အရာတွေ တွေ့ရတယ်၊ လက်ယာဘက် လက်မှာတော့ မတွေ့ရဘူး၊ အချို့သော လူတွေဟာ လေးလေးနက်နက်စဉ်းစားတဲ့အခါ လက်သည်းကို ကိုက်လေ့ရှိတယ်၊ စိတ်ညစ်တဲ့အခါလည်း ဒီလိုအပြုအမူမျိုးကို ပြုလုပ်လေ့ရှိတယ်။ ဒါပေမယ့် လက်ယာဘက်လက် ကတော့ လက်သည်းကိုက်ရာ မတွေ့ဘူး။ လက်ယာဘက်လက်ကောက်ဝတ် မှာ အနီစက်လို့ ဒဏ်ရာ အသေးလေးတစ်ခုကိုလည်း သတိပြုမိတယ်။ ဒီတော့ ကောက်ချက်ချမိတာက ဦးဘထူးဟာ လက်ဝဲ ဘက် လက်က အားနေတဲ့အတွက် လက်ဝဲဘက်လက်သည်းလေးတွေကို ကိုက်မိတယ်၊ လက်ယာ ဘက် လက်ကတော့ မအားဘူး၊ လက်ကောက်ဝတ်ကို တစ်စုံတစ်ရာနဲ့ ချုပ်နှောင်ထားပုံရတယ်"

ဟု ပြောရင်းစီးကရက်တစ်လိပ်ကို မီးညှိဖွာရှိုက်နေလေ၏။

***

ကျွန်ုပ်နှင့် စုံထောက်ဦးပေါ်ဦးသည် ဆားပုလင်းမင်းအောင် ဆက်လက်ပြောဆိုမည့် အကြောင်း အရာများကို စိတ်ဝင်စားစွာ နားစွင့်နေ၏။

ဆားပုလင်းမင်းအောင်က ဆက်လက်၍

“ တကယ်တော့ မမြနွယ်ဟာ အင်မတန်ဉာဏ်ပြေးတဲ့ မိန်းမဗျ၊ ဦးဘထူးကို လုပ်ကြံဖို့အတွက် ကြိုတင်ကြံစည်မှုတွေ အများကြီးလုပ်ခဲ့တယ်၊ သူဟာ အိမ်ပေါ်ထပ်က ခုတင်ကြီးရဲ့ ပွတ်လုံးတိုင်မှာ ဦးဘထူးရဲ့ ညာဘက်လက်ကောက်ဝတ်ကို သံကြိုးနဲ့ချည်ပြီးထားခဲ့တယ်၊ ဦးဘထူးရဲ့ လက်ကောက် ဝတ် က အနီစက်တွေဟာ သံကြိုးနဲ့ ချည်နှောင်ထားတဲ့အတွက် ဒဏ်ရာဖြစ်နေတာဗျ၊ ကျုပ်အိမ်ပေါ် ထပ်ကို တက်ပြီး မမြနွယ်ရဲ့ ကျွန်းခုတင်ကြီးကို စစ်ဆေးတဲ့အခါ ကျွန်းခုတင်ရဲ့ ခေါင်းရင်းက ပွတ်လုံး တိုင်မှာ သံကြိုးနဲ့ ချည်နှောင်ထားလို့ ပွန်းပဲ့နေတာ မြင်ရတယ်”

ဟု ပြောရင်း သူ၏ စကားကို ခဏမျှရပ်၍ စီးကရက်ကို မီးညှိပြန်၏။ ကျွန်ုပ်က ဝင်ရောက်၍

“မမြနွယ်ဟာ ရုပ်ကလေးချောသလောက် အတော်ကြောက်ဖို့ ကောင်းတာပဲနော်”

ဟု ပြောလေ၏။ စုံထောက်ဦးပေါ်ဦးကြီးကလည်း

“ဟဲ ဟဲ …ကျုပ်တော့ မြင်မြင်ချင်း ဒီမိန်းမကို ကြိုက်သွားတာဗျ၊ သူနဲ့သာ အတူနေရမယ်ဆို ရင် ဘာပဲလုပ်ရလုပ်ရလို့တောင် တွေးနေသေးတယ်”

ဟု ပြောလေရာ ကျွန်ုပ်က ရယ်မော၍

“ခင်ဗျား မိန်းမကြီးကိုတော့ ချက်ချင်းမေ့သွားတယ်ပေါ့၊ ခင်ဗျား အတော်သစ္စာရှိတဲ့လူကြီးဗျာ”

ဟု ပြောဆိုလေ၏။

ဆားပုလင်းမင်းအောင်က ဆက်လက်၍

"မမြနွယ်ဟာ အတော်လည်းရက်စက်တဲ့မိန်းမဗျ၊ ဦးဘထူးကို ခုတင်မှာ သံကြိုးနဲ့ချည်ထားပြီး အင်အား ချည့်နဲ့အောင် နှစ်ရက် သုံးရက် အစာမကျွေးဘဲထားတယ်၊ ဒါကြောင့် မှူခင်းဆရာဝန်က စစ်ဆေးတဲ့အခါ ဦးဘထူးရဲ့ အစာအိမ်မှာ အစာမရှိဖြစ်နေတာပဲ။ မမြနွယ်ဟာ ဦးဘထူးကို ပိပိရိရိလုပ် ကြံချင်တော့ လက်နှိပ်စက်နဲ့ စာနှစ်စောင်ကို ကိုယ်တိုင်ရိုက်ခဲ့တယ်။၊ စာတွေရဲ့အောက်က လက်မှတ် ကိုတော့ အင်အားချည့်နဲ့နေပြီး လူမှန်းသူမှန်းမသိ ဖြစ်နေတဲ့ ဦးဘထူးကို ကိုယ်တိုင်လက်မှတ်ထိုးခိုင်း တယ်၊ ဒါကြောင့်လဲ ဦးဘထူးရဲ့ လက်မှတ်တွေဟာ အစစ်အမှန်တွေဖြစ်ပေမယ့် လက်ရေးလက်သား မကောင်းဖြစ်နေရတာ ပဲ၊ မမြနွယ်ဟာ ဦးဘထူး ဆီက လက်မှတ်ကိုရပြီးတဲ့အခါမှာ ဦးဘထူးကို စာကြည့်ခန်းထဲကို ထည့်ပြီး သော့ခတ်ထားတယ်၊ ပြီးတော့ ပုလိပ်အင်စပက်တာ ဦးပေါက်စဆီမှာ သွား ပြီး ဦးဘထူးပျောက်နေတယ်ဆိုပြီး လူပျောက်သွားတိုင်ခဲ့တယ်"

ဟု ပြောလိုက်ရာ ဦးပေါ်ဦးကြီးက အံ့သြဟန်ဖြင့်

"ဟင် ဒီလိုဆိုရင် အင်စပက်တာ ဦးပေါက်စကြီးလိုက်လာပြီး မမြနွယ်အိမ်မှာ စစ်ဆေးတော့ ဦးဘထူးဟာ မသေသေးဘဲ အိမ်မှာရှိနေတယ်ပေါ့"

ဟု မေးမြန်းလေ၏ ။ ဆားပုလင်းမင်းအောင်က ခေါင်းညိတ်၍

"ဦးဘထူးကို စာကြည့်ခန်းထဲမှာ သော့ခတ်ပြီးထားတာဗျ၊ မမြနွယ်ဟာ ပထမဆုံး ဦးဘထူးကို အပေါ်ထပ်က ခုတင်တိုင်မှာ သံကြိုးနဲ့ချည်ထားတယ်၊ ဦးပေါက်စကို တိုင်ချက်ဖွင့်ပြီး ဦးပေါက်စလာစစ် တဲ့အချိန်မှာ ဦးဘထူးကို စာကြည့်ခန်းထဲကို ရွှေ့ပြီး ဦးပေါက်စမြင်မှာစိုးလို့ အပြင်က သော့ခတ်ထား တာဗျ၊ ဦးပေါက်စက စာကြည့်ခန်းတံခါးကို ဖွင့်ကြည့်မယ်ဆိုပြီး သော့ပြင်တံခါးသွားခေါ် တဲ့အခါ မမြနွယ် က ဦးဘထူးကို အိမ်ပေါ်ကုတင်ပေါ်မှာ ပြန်ပြီးသော့ခတ်ထားတယ်"

ဟုပြောလေရာ ကျုပ်ကရယ်မော၍

“ဒါဆိုရင်တော့ မမြနွယ်က အင်စပက်တော် ဦးပေါက်စကို ကောင်းကောင်းအရူး လုပ်ခဲ့တာပေါ့”

ဟု မှတ်ချက်ချလေရာ ဆားပုလင်းမင်းအောင်က

“မမြနွယ်ဟာ စာကြည့်ခန်းထဲမှာ သူကိုယ်တိုင်လက်နှိပ်စက်နဲ့ ရိုက်ထားတဲ့ စာတစ်စောင်ကို မသိမ်းတော့ဘဲ ဦးပေါက်စနဲ့ ပုလိပ်တွေ မြင်အောင်ပြခဲ့တယ်၊ ပုလိပ်တွေက ဦးဘထူးကိုယ်တိုင် မိမိကိုယ်မိမိ သေကြောင်းကြံဖို့ ရေးထားတဲ့စာကို ယုံကြည်သွားခဲ့တယ်၊ ဒီလိုယုံကြည်အောင်လဲ မမြနွယ်က ပရိယာယ်ဆင်ခဲ့တယ်၊ ဦးပေါက်စပြန်သွားပြီး တစ်ရက်နှစ်ရက်နေမှ မမြနွယ်က ဦးဘထူး ကို အလွန်ပြင်းထန်တဲ့ နှလုံးဆေးတွေတိုက်ခဲ့ပုံရတယ်၊ ဒီဆေးတွေဟာ အစာမရှိဘဲ အင်အားချည့်နဲ့ နေတဲ့ ဦးဘထူးကို သေစေတာပေါ့ဗျာ၊ ဦးဘထူးသေတော့မှ မမြနွယ်က ကားကိုကိုယ်တိုင်မောင်းပြီး ကန်တော်ကြီးထဲမှာ အလောင်းကိုသွားပစ်ခဲ့ပုံရတယ်၊ ဦးဘထူးနောက်တစ်ကြိမ်ရေးလိုက်တဲ့စာဆိုပြီး စာတစ်စောင်ကိုလဲ စာတိုက်ကနေ သူကိုယ်တိုင်သွားထည့်ခဲ့တာဗျ၊ ဒါကြောင့်လဲ ဦးပေါက်စကို တစ်ပတ်ရိုက်လို့ရသွားတာပဲ၊ ဦးပေါက်စက စာတိုက်က သေသူဦးဘထူး ရေးပို့လိုက်တယ်ဆိုတဲ့စာကို စီအိုင်ဒီက လက်ရေးပါရဂူနဲ့ စစ်ဆေးကြည့်တော့လဲ ဦးဘထူးရဲ့လက်မှတ်လို့ သိရတယ်၊ မမြနွယ်ကို သံသယလုံးဝမရှိခဲ့ဘူး၊ ကျုပ်ကတော့ သေသူရဲ့ လက်ဝဲဘက်လက်က လက်သည်းကိုက်ရာလေးရယ်၊ လက်ယာဘက်လက်ကောက်ဝတ်က သံကြိုးနဲ့ချည်ထားလို့ ပွန်းပဲ့ရာလေးတွေဖြစ်ပြီး သံသယဖြစ်ခဲ့ တာ ပဲဗျ၊ နောက်ပြီးတော့ ဒီအမှုမှာသံသယ ဖြစ်ဖွယ်ကောင်းတဲ့ အချက်တစ်ချက်က မမြနွယ်ရဲ့ ကြံစည်ပုံတွေက ပိရိသေသပ်လွန်းနေတယ်၊ ဒီလိုပိရိသေသပ်နေတာဟာ ကြိုတင်ကြံစည်ထားလို့ပဲဗျ၊ နောက်ပြီး မမြနွယ်ဘယ်လိုမှ မငြင်းရဘဲ ထောက်ချောက်မိသွားတာက စာနှစ်စောင်ကို သူကိုယ်တိုင် လက်နှိပ်စက်နဲ့

ရိုက်ပြီးတော့ လက်နှိပ်စက် မရိုက်တတ်ပါဘူးလို့ ငြင်းတဲ့အချက်ဘဲ၊ ဒါကို သက်သေပြဖို့ လက်နှိပ်စက်မှာ မမြန္မယ်ရဲ့ လက်ဗွေရာတွေ အထင်းသားကြီးဗျာ”

ဟု ပြောလေရာ ကျွန်ုပ်တို့ စုံထောက်ကျော်များသည် သဘောကျဟန်ဖြင့် ဆားပုလင်း မင်းအောင်ကို ဝိုင်းဝန်းချီးမွမ်းကြလေ၏။

တစ်နေ့သ၌ ကန်တော်ကြီးစောင်းတစ်နေရာရှိ မြက်ခင်းပေါ်၌ အဝတ်အစားအကျအန ဝတ်ဆင်ထားသော မိန်းမလှတစ်ဦးသည် ကိုယ့်အိမ်ကိုယ့်ရာအလား နှစ်နှစ်ခြိုက်ခြိုက် အိပ်နေသဖြင့် ထူးဆန်းသောမြင်ကွင်းကို လူအများဝိုင်းအုံ၍ ကြည့်ရှုနေလေ၏။

ထိုသို့ ကြည့်ရှုနေသူများအနက် စပ်စုတတ်သော ဒေါ်ဘုမဆိုသော မိန်းမကြီးက

“ဒီမိန်းမ ချောချောလှလှနဲ့ ကန်တော်ကြီးစောင်းမှာ အိပ်ပျော်နေတယ်၊ သေများသေနေပြီလား ဟယ်”

ဟု ပြောလိုက်ရာ ဘုရားလူကြီး ဦးဘတုတ်ဆိုသူက

“မသေပါဘူးဗျာ၊ ဒီမိန်းမရဲ့ဗိုက်က ပူလိုက်ဖောင်းလိုက် ဖြစ်နေတာ အသက်ရှိသေးတယ်ဗျ၊ ခင်ဗျားမယုံရင် ကျုပ်စမ်းပြမယ်”

ဟု အူကြောင်ကြောင် ဝင်ရောက်ပြောဆိုလေ၏။ ထိုအခါ စပ်စုတတ်သော ဒေါ်ဘုမဆိုသော မိန်းမကြီးက ကမန်းကတန်း လက်ကာပြ၍

“အမလေး သူစိမ်းမိန်းမဗိုက်ကို စမ်းစရာမလိုပါဘူးရှင် ဘုရားလူကြီးက ဘုရားလူကြီးလို နေရာ နေစမ်းပါ”

ဟု ပြောလေ၏။ ထိုအခါ ရပ်ကွက်ထဲ၌ ဆေးတစ်ဖုံ နှစ်ဖုံကိုသာ ဖော်စပ်ပြီး ဆေးဆရာအမည်ခံ ထားသော ဦးဗျိုင်းဆိုသူက

“မေ့နေတာပဲဖြစ်ဖြစ်၊ အိပ်နေတာပဲဖြစ်ဖြစ် ကျုပ်ကိုယ်တိုင်

ဖော်စပ်ထားတဲ့ ကတိုးနှာရှူဆေး တောင့်ကြီးကို ရှူမိလိုက်ရင် သေရာကနေတောင်ပြန်ရှင်ပြီး ငေါက်ခနဲ ထထိုင်စေရမယ်၊ ဟောဒီမှာ ကြည့်”

ဟု ဆိုကာ ရှူဆေးဘူးကြီးကို မြက်ခင်း၌ အိမ်ပျော်နေသော မိန်းမ၏ နှာဝ၌ တေ့ပေးလိုက်၏။

ထိုအခါ ရှူဆေးဘူးထဲရှိ ဆေးအမှုန့်များသည် အလွန်အနံ့ဆိုးလှသဖြင့် မြက်ခင်းပေါ်၌ အိမ်ပျော်နေသော မိန်းမသည် ဝါးခနဲသမ်း၍ ထလာလေ၏။

မိန်းမလှသည် အိပ်ပျော်နေရာမှ လန့်နိုးလာသောအခါ သူမကို ဝိုင်းအုံကြည့်ရှုနေသော လူစုလူ ဝေးကြီးနှင့် ပတ်ဝန်းကျင်ကိုကြည့်၍

“ဟင် … ကျွန်မ ဘယ်ကိုရောက်နေတာလဲ၊ ရှင်တို့ ဘယ်သူတွေလဲ”

ဟု တအံ့တဩမေးမြန်းလေ၏။ ထိုအခါ ဒေါ်ဘုမဆိုသော မိန်းမကြီးက

“မိန်းကလေးရောက်နေတာ ကန်တော်ကြီးစောင်းမှာလေ၊ မိန်းကလေးက ဘာဖြစ်လို့ ကန်တော်ကြီးစောင်းမှာ အိပ်နေရတာ လဲ၊ မိန်းမသားတစ်ယောက်အတွက် ဒီလိုနေရာမျိုးမှာ လာပြီး အိပ်နေတာ လူမြင်မကောင်းပါဘူးကွယ်”

ဟု ပြောလိုက်ရာ ကန်တော်ကြီးစောင်း၌ အိပ်ပျော်နေသော မိန်းမက

“အို ကျွန်မကဘာဖြစ်လို့ ကန်တော်ကြီးစောင်းမှာ အိပ်ရမှာလဲရှင့်၊ ကျွန်မကို သူများဒုက္ခပေး သွားတာ၊ ရှင်တို့ မသိဘဲ ပေါက်ကရတွေ ပြောမနေနဲ့”

ဟု ဆိုကာ လူအုပ်ကြားထဲမှ ဒေါသတကြီး တိုးထွက်ပြီး တာမွေပုလိပ်ဌာနသို့ သွားရောက်ပြီး တိုင်ကြားလေ၏။ မိန်းမလှသည် တာမွေပုလိပ်ဌာန၌ အင်စပက်တော် ဦးပေါက်စနှင့် တွေ့ဆုံလေ၏။

ထိုမိန်းမက သူ၏ ထူးဆန်းသော အဖြစ်ကို စတင်၍ ပြောပြ၏။

“ကျွန်မနာမည် မခင်ကြည်လို့ ခေါ်ပါတယ်။ ကျွန်မ လွန်ခဲ့တဲ့ ညက

အိုရီယန့်ကလပ်မှာ ညစာ စားခဲ့တယ်၊ ညစာစားပြီးတော့ ကားမောင်းပြီး ပြန်လာရင်းနဲ့ ကန်တော်ကြီးစောင်းမှာ လူတစ်ယောက် ကို ကားနဲ့တိုက်မိမလိုဖြစ်လို့ ကားကိုရပ်ပြီး ဆင်းကြည့်တယ်၊ ဒီလူ လဲနေတာကို ထူမပေးဖို့ ကြိုးစား ရင်းနဲ့ ကျွန်မလည်ပင်းမှာ စစ်ခနဲဖြစ်သွားပြီး ဘာမှမသိတော့ဘူး၊ အခု ကျွန်မသတိရလာတော့ ကန်တော်ကြီးစောင်းက မြက်ခင်းပေါ်မှာ ကျွန်မတစ်ယောက်တည်း အိပ်ပျော်နေတယ်၊ ရှက်ဖို့ကောင်း လိုက်တာရှင်၊ ကျွန်မကို အထူးအဆန်းတစ်ခုလို လူတွေဝိုင်းအုံပြီး ကြည့်နေကြတယ်”

ဟု ပြောလေရာ အင်စပက်တော် ဦးပေါက်စက တအံ့တသြ နားထောင်၍

“မခင်ကြည် စကားတွေကြားရတာ အံ့သြစရာပဲ၊ မခင်ကြည်ဟာ အမည်မသိလူကို ကားနဲ့တိုက် မိပြီး ဒီလူကို ပွေ့ချီဖို့ကြိုးစားရင်း အိပ်ပျော်သလို မေ့မြောသလို ဖြစ်သွားတယ်ပေါ့”

ဟု မေးမြန်းလေရာ မခင်ကြည်က မျက်မှောင်ကြုတ်၍

“ဟုတ်တယ် ကျွန်မက အင်မတန် အအိပ်ဆတ်တဲ့ မိန်းမတစ်ယောက်ပါ၊ ဒီလို လူလယ်ခေါင် ကြီးမှာ အိပ်ပျော်နေတာ မဖြစ်နိုင်ဘူး၊ ကျွန်မ ဆေးမိသွားသလို ဖြစ်သွားတယ်”

ဟု ပြောလေ၏။ ထိုအခါ အင်စပက်တော် ဦးပေါက်စက

“မခင်ကြည်ရဲ့ ကားကို ပြန်ရဖို့ ကျုပ်တို့ ပုလိပ်တွေ အမြန်ဆုံး ကြိုးစားကြမယ်၊ မခင်ကြည်ကို အိပ်ပျော်အောင် လုပ်သွားတဲ့လူရဲ့ သတင်းကိုလဲ စုံစမ်းကြည့်ပါမယ်”

ဟု ပြောလေ၏။ ထို့နောက်တွင်မူ အင်စပက်တော် ဦးပေါက်စသည် ဆားပုလင်းမင်းအောင် နေထိုင်ရာ အမှတ် (၇)၊ အသောကလမ်း၊ ကျောက်မြောင်းနေအိမ်သို့ ထွက်ခဲ့၏။

ထိုအချိန်က ဆားပုလင်းမင်းအောင်သည် စာအုပ်ပုံကြီးထဲ၌ ခေါင်းနှစ်၍ နေလေ၏။ အင်စပက် တော် ဦးပေါက်စသည် ဆားပုလင်းမင်းအောင်အား ကန်တော်ကြီးစောင်း၌ အိပ်ပျော်နေသော မခင်ကြည်၏ အကြောင်းကို ပြောပြလေ၏။ ဆားပုလင်းမင်းအောင်က မျက်မှောင်ကြုတ်၍

"ထူးဆန်းတဲ့အကြောင်းကိစ္စတစ်ခုပဲဗျ၊ ဒါပေမဲ့ မခင်ကြည်ဆိုတဲ့ အမျိုးသမီးက အိုရီယင့် ကလပ်မှာ ညစာစားခဲ့တယ်လို့ဆိုတယ်၊ မခင်ကြည်ဆိုတဲ့ အမျိုးသမီးနဲ့အတူ ညစာစားတာ ဘယ်သူလဲဆိုတာ ဦးပေါက်စ စုံစမ်းကြည့်ဗျာ၊ ကျုပ်အထင်တော့ မှုခင်းကြီးတစ်ခု ဖြစ်တော့မယ်ထင် တယ်"

ဟု ပြောလေ၏။ အင်စပက်တော် ဦးပေါက်စ ခေါင်းဆောင်သော ပုလိပ်များသည် အင်းစိန် ဘက်၌ မခင်ကြည်၏ ကားကိုတွေ့ရ၏။ ထိုကားကို မခင်ကြည်ထံသို့ ပြန်လည်ပို့ဆောင်ပေးပြီး မခင်ကြည်နှင့် အိုရီယမ့်ကလပ်၌ ညစာစားသောက်သူကို စုံစမ်းကြည့်လေရာ မခင်ကြည်က ထိုသူသည် အင်းစိန် ခပဲခြံ၌ နေထိုင်သော ကိုစောမောင် ဆိုသူဖြစ်ကြောင်း သိရ၏။

အင်စပက်တော် ဦးပေါက်စသည် အင်းစိန် ခပဲခြံ၌ နေထိုင်သော စောမောင်၏ နေအိမ်သို့ ထွက် ခဲ့၏။ ကိုစောမောင်၏ ခြံရှေ့သို့ရောက်သောအခါ ခြံတံခါးပိတ်ထားကြောင်း တွေ့ရ၏။

ဦးပေါက်စသည် ခြံတံခါးကို မိမိဘာသာ ဖွင့်၍ ခြံကြီးထဲသို့ ဝင်ခဲ့၏။ ခြံဝသို့ရောက်သောအခါ

"ကိုစောမောင် ကိုစောမောင်"

ဟု အသံပြုကြည့်၏။

သို့သော် အိမ်ထဲမှ လူသံသူသံ မကြားရသဖြင့် အိမ်တံခါးကို တွန်းဖွင့်၍ ဧည့်ခန်းထဲသို့ ဝင်ခဲ့၏။ ဧည့်ခန်းထဲ၌ လည်း လူသံသူသံ မကြားရသဖြင့် အိမ်၏ အပေါ်ထပ်သို့ လှေကားအတိုင်း တက်ခဲ့၏။

အိမ်ပေါ်ထပ်သို့ ရောက်လျှင် ဧည့်ခန်းထဲ၌ မြင်ရသော မြင်ကွင်းကြောင့် အင်စပက်တော် ဦးပေါက်စသည် မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်သွားလေ၏။

မကြာမီ အင်းစိန်ခဝဲခြံရှိ ကိုစောမောင်၏ ခြံကြီးသို့ ပုလိပ်များ စုံထောက်များ ရောက်ရှိလာ၏။

ကျုပ်တို့ စုံထောက်ကျော်များသည် ဆားပုလင်းမင်းအောင်ကို ခေါ်၍ လူသတ်မှုဖြစ်ပွားရာ ခဝဲခြံ ရှိ အိမ်ကြီးသို့ ရောက်ရှိခဲ့လေ၏။

ဆားပုလင်းမင်းအောင်သည် လူသတ်မှုများဖြစ်ပွားရာ အိမ်ထဲသို့ ရှေ့မှဦးဆောင်ပြီး ဝင်သွား၏။ ကျွန်ုပ်နှင့် ဦးပေါဦးသည် ဆားပုလင်းမင်းအောင်၏ အနောက်မှ လိုက်ခဲ့လေ၏။

အိမ်ကြီး၏ အပေါ်ထပ်ဧည့်ခန်းထဲရှိ ကုလားထိုင်ကြီးပေါ်၌ လူတစ်ဦးသည် ရင်ဝ၌ ဓားဒဏ်ရာ နှင့် သေဆုံးနေလေ၏။ အပေါ်ထပ် ဧည့်ခန်းတစ်ခုလုံး ရစရာမရှိအောင် ရှုပ်ပွပျက်စီးနေ၏။

ဆားပုလင်းမင်းအောင်သည် သေသူ၏ အနီးသို့ ကပ်၍ ကြည့်ရှုစစ်ဆေးလေ၏။

သေသူ၏ ရှေ့၌ စားပွဲရှည်တစ်လုံးရှိပြီး စားပွဲပေါ်၌ သစ်တော်သီးတစ်ခြမ်းကို မြင်တွေ့ရ၏။ စုံထောက်ကိုစိန်မြင့်သည် သစ်တော်သီးတစ်ခြမ်းကို ကောက်ကြည့်၍

"ဒါဟာ လူသတ်သမား စားသွားတဲ့ သစ်တော်သီးပဲကွ၊ လူသတ်သမားဟာ သစ်တော်သီး ကြိုက်ပုံရတယ်၊ အနီးအနားပတ်ဝန်းကျင်က သစ်တော်သီးရောင်းတဲ့သူတွေကို ဖမ်းပြီးစစ်ဆေးရမယ်"

ဟု ပြောလေရာ စုံထောက် ကိုတင်လှက ခေါင်းခါယမ်း၍

"သစ်တော်သီးက လူသတ်သမား စားသွားတာ မဟုတ်ဘူးဗျ၊

ကျုပ်အထင်တော့ သေသူ ကိုစောမောင် သစ်တော်သီးစားတယ် လို့ထင်တယ်၊ ကိုစောမောင် သစ်တော်သီးစားနေတုန်း လူသတ် သမား ရောက်လာပြီး လုပ်ကြံသွားတာပဲ”

ဟု ပြောပြန်၏။ စုံထောက် ဦးပေါ်ဦးက ကျုပ်ဘက်သို့လှည့်၍

“သေသူ ကိုစောမောင်ဆိုတဲ့ ပုဂ္ဂိုလ်မှာ နဂါးရတ်လက်စွပ်ကြီး ဝတ်ထားတယ်ဗျ၊ နဂါးရတ် လက်စွပ်ကြီးကို ချွတ်ယူမသွားပုံထောက်တော့ ပစ္စည်းလိုချင်လို့ လူသတ်တာ မဟုတ်ဘူး”

ဟု ပြောလေ၏။ အင်စပက်တော် ဦးပေါက်စက ဆားပုလင်းမင်းအောင်၏ အနီးသို့တိုးကပ်၍

` “ကိုစောမောင်ဟာ အလုပ်အကိုင် မယ်မယ်ရရ မရှိပေမဲ့ စားဝတ်နေရေး ပြေလည်ပုံရတယ်၊ ကိုစောမောင် ဘယ်လိုအလုပ်မျိုးနဲ့ အသက်မွေးဝမ်းကျောင်းတယ်ဆိုတာ ဘယ်သူမှ မသိဘူး၊ ကိုစောမောင် အင်းစိန်ကို ရောက်လာတာ တစ်နှစ်လောက်ပဲ ရှိသေးတယ်၊ သူဟာ ဘာအလုပ်မှ မလုပ်ပေမဲ့ အဆင့်အတန်းမြင့်မြင့် နေထိုင်စားသောက်တယ်လို့ သိရတယ်၊ အနီးပတ်ဝန်းကျင်မှာ စုံစမ်း သိရှိရသမျှ ကိုစောမောင်ဟာ တစ်ကိုယ်တည်း လူပျိုကြီးလို့ သိရတယ်”

ဟု ပြောလေ၏။

ဆားပုလင်းမင်းအောင်သည် နံရံ၌ ချိတ်ဆွဲထားသော အုပ်စုလိုက်ရိုက်ထားသော ဓါတ်ပုံကို ဖြုတ်ယူလိုက်၏။ ဓါတ်ပုံသည် စစ်ဝတ်စုံများဖြင့် ရိုက်ကူးထားသော အုပ်စုလိုက်ဓါတ်ပုံကြီး တစ်ပုံဖြစ်၏။ စားပွဲခုံအောက်သို့ ငုံ့၍ ရှာဖွေပြန်၏။

ဆားပုလင်းမင်းအောင်သည် အိမ်ပတ်ဝန်းကျင်ကို ကြည့်ရှုရန်အတွက် အိမ်ပေါ်မှ ဆင်းသွား လေ၏။ ခဏကြာလျှင် ပြန်ရောက်လာပြီး ဆားပုလင်းမင်းအောင်က အင်စပက်တော် ဦးပေါက်စကိုခေါ်၍

“ကျုပ်ကို မခင်ကြည်ဆိုတဲ့ မိန်းမနဲ့ တွေ့ပေးပါ၊ မခင်ကြည်ကို နည်းနည်း စစ်မေးစရာရှိလို့ပါ”

ဟု ပြောလေရာ

ကျုပ်တို့ စုံထောက်ကျော်များသည် အင်စပက်တော် ဦးပေါက်စနှင့်အတူ အင်းစိန်ခဝဲခြံမှ ထွက်ခဲ့ကြ၏။ လမ်း၌ စုံထောက်ဦးပေါ်ဦးက ဆားပုလင်းမင်းအောင် ဘက်သို့ လှည့်၍

“ဘယ်လိုသဲလွန်စတွေ တွေ့ရသလဲဗျ”

ဟု မေးမြန်းလေ၏။ ဆားပုလင်းမင်းအောင်က

“လူသတ်သမားနဲ့ သေသူဟာ အပေါ်ထပ်ဧည့်ခန်းထဲမှာ စကားပြောပြီးတော့ တိုက်ခိုက်ကြ တယ်၊ ဒါပေမဲ့ သေသူ ကိုစောမောင်ဟာ အရက်မူးနေတဲ့အတွက် မခုခံနိုင်ဘူး၊ လူသတ်သမားရဲ့ ဓါးဒဏ်ရာနဲ့ သေဆုံးခဲ့တာပဲ၊ သေသူ ကိုစောမောင်ဟာ မက်ဆိုပိုတေးမီးယားစစ်ပြန်တစ်ယောက်ပဲဗျ၊ နံရံမှာ ရိုက်ထားတဲ့အုပ်စုလိုက် ဓါတ်ပုံတွေထဲမှာ ကိုစောမောင်ကို စစ်ဝတ်စုံနဲ့မြင်တွေ့ရတယ်၊ လူသတ် သမားဟာ ခြံရှေ့ကို ကာတစ်စီးနဲ့ရောက်လာပြီး ကိုစောမောင်ကို အလွယ်တကူ သတ်ဖြတ်သွားခဲ့တာ ပဲ၊ ရန်ငြိုးရန်စ တစ်ခုကြောင့် သတ်ဖြတ်သွားတာ ဖြစ်လိမ့်မယ် ဒီလူသတ်မှုမှာ ကျုပ်စဉ်းစားလို့မရတာ က စားပွဲပေါ်က သစ်တော်သီးတစ်ခြမ်းပဲဗျ”

ဟု ပြောလေရာ ကျုပ်က ဝင်ရောက်၍

“သစ်တော်သီးဟာ သေသူ ကိုစောမောင် စားတာလား မသိဘူး”

ဟုပြောလေ၏။ ဆားပုလင်းမင်းအောင်က

“ကိုစောမောင် စားတာမဟုတ်ဘူးဗျ၊ သစ်တော်သီးဟာ တရားခံယူလာခဲ့တာ ဖြစ်တယ်၊ တရားခံဟာ သစ်တော်သီး တစ်ခြမ်းကို ဓားနဲ့ခွဲပြီး

ကိုစောမောင်ရဲ့ ရှေ့မှာပဲ စားသွားတယ်၊ စားပွဲခုံ အောက်မှာ သစ်တော်သီး အစေ့လေးတွေကို စားပြီး ထွေးထုတ်ထားတာကို တွေ့ရတယ်”

ဟု ပြောလေရာ စုံထောက်ဦးပေါ်ဦးက

“တရားခံဟာ နယ်နယ်ရရ မဟုတ်ဘူးနော်၊ ရန်သူရှေ့မှာတောင် သစ်တော်သီး စားနိုင်သေး တယ်၊ အတော်ရဲ့ဝံ့ပြီး သွေးအေးပုံရတယ်”

ဟု မှတ်ချက်ချလေ၏ ။

ကျုပ်တို့ စုံထောက်ကျော်များသည် ဦးပေါက်စ၏ လမ်းညွှန်မှုဖြင့် ကန်တော်လေးဘက်သို့ ရောက်ခဲ့လေ၏ ။ အိမ်တစ်အိမ်၏ နံပါတ်ကို ကြည့်ရှုပြီး အင်စပက်တော် ဦးပေါက်စက

“လိပ်စာအရတော့ မခင်ကြည်နေတာ ဒီလိပ်စာပဲဗျို့”

ဟု ပြောလေ၏ ။ ကျွန်ုပ်တို့ စုံထောက်ကျော်များ ကားပေါ်မှဆင်း၍ အိမ်ထဲသို့ ဝင်ရောက်သွား ရာ ရေချိုးပြီးကာစ အလှကြီးလှနေသော မခင်ကြည်ဆိုသော မိန်းမကို မြင်ရ၏ ။

ဦးပေါ်ဦးကြီးကဆို မခင်ကြည်ကို မျက်လုံးကျွတ်မတတ်ကြည့်၍

“လှတယ်ဗျို့၊ အိမ်က မိန်းမကြီးနဲ့ ဆီနဲ့ရေကွာတယ်”

ဟု ချီးမွမ်းခန်း ဖွင့်လေ၏ ။

***

မခင်ကြည်သည် အင်စပက်တော် ဦးပေါက်စ ကြို၊တင်အကြောင်းကြားထားသဖြင့် ကိုစောမောင် သေဆုံးနေကြောင်း သိရှိနေပုံရ၏ ။ ဆားပုလင်းမင်းအောင်သည် မခင်ကြည်ကို စစ်မေး ခြင်း မရှိသေးဘဲ ခြံဝန်းထဲ၌

ရပ်ထားသော ဂျစ်ကားကို သွားရောက်ကြည့်ရှုလေ၏ ။

ဂျစ်ကားဘီးများကို သေချာစွာ စစ်ဆေး၍ ထိုင်ရာမှထရပ်လိုက်ပြီး

"ညက ကိုစောမောင်ကို သတ်ခဲ့တဲ့ လူသတ်သမားဟာ မခင်ကြည်ရဲ့ ကားနဲ့ လာခဲ့တာဗျ"

ဟု ပြောလေရာ ဦးပေါ်ဦးကြီးက မျက်လုံးပြူးသွားပြီး

"ဟင် ဒါဆို ကိုစောမောင်ကို သတ်တာ မခင်ကြည်လား"

ဟု မေးမြန်းလေ၏ ။ ဆားပုလင်းမင်းအောင်က ခေါင်းခါ၍

"မခင်ကြည် သတ်တာ မဟုတ်ဘူးဗျ၊ မခင်ကြည်က လူသတ်သမားရဲ့ ဓားစားခံဖြစ်သွားရတာ "

ဟု ပြောပြီး အိမ်ထဲသို့ ဝင်ခဲ့လေ၏ ။ မခင်ကြည်သည် ကျွန်ုပ်တို့ လူစုအား ဧည့်ခန်းထဲ၌ ကော်ဖီ၊ မုန့် စသည်များကို ပြင်ဆင်၍ အသင့်စောင့်ကြိုနေ၏ ။

ဆားပုလင်းမင်းအောင်က မခင်ကြည်ကို ကြည့်၍

"ကိုစောမောင် လွန်ခဲ့တဲ့ညက သေဆုံးသွားတဲ့အတွက် မခင်ကြည်ကို မေးခွန်းနည်းနည်း မေးချင်လို့ပါ၊ ကျုပ်တို့ မေးတာကို ဖြေနိုင်တဲ့ မေးခွန်းကို ဖြေပါ၊ မဖြေနိုင်တဲ့ မေးခွန်းကိုတော့ မဖြေပါနဲ့၊ ဒါပေမဲ့ တတ်နိုင်သမျှ မှန်အောင် ဖြေစေချင်ပါတယ်၊ အမှုမှန်ပေါ်ဖို့ အရေးကြီးလို့ပါ"

ဟု ပြောလေ၏ ။ ထိုအခါ မခင်ကြည်က သက်ပြင်းချ၍

"ကျွန်မ အတတ်နိုင်ဆုံး ကြိုးစားပြီး ဖြေပေးပါ့မယ်"

ဟု ပြောလေ၏ ။ ဆားပုလင်းမင်းအောင်က မခင်ကြည်ကို ကြည့်၍

"မခင်ကြည်နဲ့ ကိုစောမောင် ဘယ်တုန်းက ရင်းနှီးကျွမ်းဝင်ခဲ့တာလဲ"

ဟု မေးမြန်းလေ၏။ မခင်ကြည်က သူမ၏ လှပသော မျက်ဝန်းလေးကို ဒေါင့်ကပ်၍

"မကြာသေးပါဘူး၊ သုံးလေးလလောက်ပဲ ရှိဦးမယ်ထင်တယ်၊ ကျွန်မတို့နှစ်ယောက် အိုရီယမ့် ကလပ်မှာပဲ တွေ့ကြတာပါ၊ ကိုစောမောင်က မန္တလေးက ဆေးလိပ်ခုံပိုင်ရှင်ရဲ့သားလို့ သိကြတယ်၊ ကိုစောမောင်က ငွေရေးကြေးရေး ကွယ်ဝ ချမ်းသာပုံရတာ ကလွဲလို့ ကျွန်မသူ့ရဲ့နောက်ကြောင်းကို သိပ်မသိပါဘူး"

ဟု ပြောလေ၏။ ဆားပုလင်းမင်းအောင်က

"မခင်ကြည်တို့ ဘယ်လိုတွေ့ဆုံလေ့ရှိသလဲ"

"ကျွန်မတို့ စနေနေ့ညနေတိုင်း တစ်နေရာမှာ ချိန်းဆိုပြီး တွေ့လေ့ရှိပါတယ်၊ လွန်ခဲ့တဲ့ညက သူနဲ့ကျွန်မ တွေ့ဆုံပြီးတော့ အိုရီယမ့်ကလပ်မှာ ညစာစားတယ်၊ ပြီးတော့ ကိုစောမောင်ကို ဂျစ်ကားနဲ့ ကျွန်မကိုယ်တိုင်မောင်းပြီး အိမ်ကိုလိုက်ပို့ပေးခဲ့တယ်၊ ကိုစောမောင်ရဲ့ ထူးခြားချက်က ငွေကြေးဖော ဖော သီသီ သုံးစွဲနိုင်ပေမဲ့ ကိုယ်ပိုင်ကားမရှိဘူး၊ ကားလဲ မမောင်းတတ်ဘူး၊ ရန်ကုန်က သူဌေးတွေနဲ့ ကွာခြားချက်ပေါ့ရှင်"

ဟု ပြောလေရာ ဆားပုလင်းမင်းအောင်က

"လွန်ခဲ့တဲ့ညက ကန်တော်ကြီးစောင်းမှာ မခင်ကြည် ကားနဲ့ တိုက်မိမလို ဖြစ်တဲ့သူကို မှတ်မိပါ သလား"

ဟု မေးမြန်းလေ၏။ မခင်ကြည်က ခေါင်းခါယမ်း၍

"ညဘက်ဖြစ်လို့ ကျွန်မ မမှတ်မိပါဘူး"

ဟု ပြောလေ၏။ ထိုအခါ ဆားပုလင်းမင်းအောင်က

"ဒါဆိုရင်တော့ ကျုပ်တို့ ဆက်ပြီး မေးစရာမရှိတော့ပါဘူး၊ အမှန်တွေကို

ပြောပြတဲ့အတွက် ကျေးဇူးတင်ပါတယ်”

ဟု ပြောကာ မခင်ကြည်၏ နေအိမ်မှ ထွက်ခဲ့လေ၏။ ထို့နောက် အင်စပက်တော် ဦးပေါက်စကို တာမွေအိမ်သို့ ပို့ဆောင်ပေးပြီး ကျွန်ုပ်တို့ စုံထောက်ကျော်များ ပြန်ခဲ့၏။

အပြန်လမ်း၌ ဦးပေါဦးက

“မခင်ကြည်နဲ့ ပတ်သက်ပြီး ဘယ်လိုသဲလွန်စရသလဲ ကိုမင်းအောင်”

ဟု မေးမြန်းလေ၏။ ဆားပုလင်းမင်းအောင်က

“ဦးပေါက်စဆီက မခင်ကြည် အကြောင်းကြားပြီးကတည်းက ရန်ကုန်မှာ ဂျင်လို့တင်စားရတဲ့ လူမိုက်မောင်အုန်းဆီမှာ စုံစမ်းကြည့်တော့ မခင်ကြည်ဟာ အထက်တန်းစား ပိုင်းလုံးမတစ်ယောက်ဆို တာ သိရတယ်၊ မခင်ကြည်ဟာ ကုလားဆရာဝန်ကြီးတစ်ယောက်ကို ပိုင်းလိုက်တာ အိမ်နဲ့ကားကို ပိုင် သွားတယ်၊ နောက်ပြီးတော့ အလုပ်အကိုင် မယ်မယ်ရရ မရှိပေမဲ့ ငွေရေးကြေးရေး ပြေလည်တဲ့ ကိုစောမောင်နဲ့ တွဲတော့တာပေါ့ဗျာ”

ဟု ပြောလေရာ ကျွန်ုပ်က ဝင်ရောက်၍

“လူသတ်သမားက မခင်ကြည်ရဲ့ကားကို အသုံးချသွားတာလား”

ဟု မေးမြန်းလေ၏။ ထိုအခါ ဆားပုလင်းမင်းအောင်က

“တရားခံဟာ ကိုစောမောင်ကို ကျကျနနကြီး ကြံစည်ပြီး လုပ်ကြံသွားတာဗျ၊ ရန်ငြိုးရန်စ ကြောင့် လုပ်တာဖြစ်မယ်၊ သူဟာ ကိုစောမောင်ရဲ့ လှုပ်ရှားမှုတွေကို အသေးစိတ်စောင့်ကြည့်နေတာ ကြာပြီဗျ၊ ကိုစောမောင် မခင်ကြည်နဲ့ တွဲနေတာကိုလည်း သိတယ်၊ ဒါ့ကြောင့် မခင်ကြည် ကန်တော်လေးကို အပြန်လမ်းမှာ ကန်တော်ကြီးက စောင့်ပြီး ကားတိုက်လို့ ထိခိုက်သွားတဲ့သဏ္ဍာန်မျိုး ဖမ်းလိုက်တယ်၊ မခင်ကြည်က ကားပေါ်ကဆင်းတဲ့အခါ မေ့မြောသွားအောင်

အကြောကိုင်ပညာ တစ်မျိုး နဲ့ လုပ်ခဲ့တာဖြစ်မယ်၊ ဒါကြောင့် မခင်ကြည်ဟာ မနက်မိုးစင်စင်လင်းတဲ့အထိ ကန်တော်ကြီး စောင်းက လူအုပ်ကြီးရှေ့မှာ အိပ်မောကျနေတာပေါ့၊ တရားခံဟာ မခင်ကြည်ရဲ့ ဂျစ်ကားကို ဟန်မပျက် မောင်းနှင်ပြီး လူသတ်မှုတွေကို ကျူးလွန်ခဲ့တာဗျ၊ ဒီအမှုဟာ ရိုးရှင်းပေမဲ့ လူသတ်တရားခံ ဟာ ဘယ်လိုလူမျိုးလဲဆိုတာ ကျုပ်တို့ ခန့်မှန်းလို့မရဘူး ဖြစ်နေတယ်ဗျ၊ သူဟာ မခင်ကြည်ရဲ့ကားကို လူသတ်မှု ဖြစ်တဲ့အချိန်မှာ အသုံးပြုခဲ့တယ်၊ ဒီလိုအသုံးပြုတာဟာ ကိုစောမောင်ရဲ့ အိမ်ထဲကို အလွယ် တကူ ဝင်လို့ရအောင် ပရိယာယ်သုံးတာဖြစ်နိုင်တယ်။ ကိုစောမောင်ဟာ အရက်သောက်ရင်း မခင်ကြည် ပြန်လာမယ်ထင်ပြီး အိမ်ပေါ်ထပ်မှာ စောင့်ကြိုနေခဲ့တယ်၊ ဒီအချိန်မှာ တရားခံဟာ ကိုစောမောင်ရဲ့ အိမ်ထဲကို အလွယ်တကူ ဝင်ရောက်သွားခဲ့တယ်၊ တရားခံနဲ့အတူ သစ်တော်သီး တစ်လုံးလဲ ပါသွားတယ်၊ တရားခံဟာ ကိုစောမောင်ကို မသတ်မီမှာ သစ်တော်သီးကို ခွဲစားပြီးတော့မှ ကိုစောမောင်ကို တိုက်ခိုက်ပြီး အနိုင်ယူသွားတာပဲ၊ ကိုစောမောင်ဟာ အရက်မူးနေတဲ့ အတွက် ရန်သူကို မခုခံနိုင်ခဲ့ဘူး၊ ဘာပဲဖြစ်ဖြစ် တရားခံ ကျုပ်လက်က ပြေးမလွတ်ပါဘူး”

ဟု ပြောလိုက်လေတော့၏။ ထိုနေ့က ကျွန်ုပ်တို့စုံထောက်ကျော်များသည် အမှုကို ဆက်လက်စုံ စမ်းခြင်းမရှိတော့ဘဲ လမ်းခွဲလိုက် လေ၏။

***